# ခေတ်အဆက်ဆက်ပေါ်ထွန်းခဲ့သော
# မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းများစိစစ်ချက်

ပါရဂူ(PhD)ဘွဲ့အတွက် တင်သွင်းသောကျမ်း

မသန်းသန်းဆိုင်

မြန်မာစာဌာန
ရန်ကုန်တက္ကသိုလ်

၂၀၀၆ခုနှစ်၊ စက်တင်ဘာလ

## ကျမ်းအကျဉ်းချုပ်

မြန်မာစာပေရှင်သန်ဖွံ့ဖြိုးမှုတွင် သတ်ပုံ၏ အခန်းကဏ္ဍသည် အရေးပါပါသည်။ ထို့ကြောင့် ပုဂံခေတ်မှ စ၍ ယနေ့မျက်မှောက်ခေတ်တိုင်အောင် မြန်မာစာပေပညာရှင်အသီးသီးတို့သည် မြန်မာစာလုံးပေါင်း သတ်ပုံကျမ်းများကို ပြုစုခဲ့ကြသည်။

သတ်ပုံကျမ်းသည် ပုဂံခေတ်မှ စတင်ပြုစုခဲ့သည်ဟုဆိုသော်လည်း အခိုင်အမာလေ့လာနိုင်ရန် အတွက် ညောင်ရမ်းခေတ်၌သာ စတင်တွေ့ရှိခဲ့ရသည်။ ထို့ကြောင့် ညောင်ရမ်းခေတ်မှ ယနေ့မျက်မှောက် ခေတ်အထိ ပေါ်ထွန်းခဲ့သော သတ်ပုံကျမ်းများမှ ကျမ်း(၁၂၀)ကို ရှာဖွေစုဆောင်းနိုင်ခဲ့ပြီး လေ့လာစိစစ် ခဲ့ပါသည်။

ထိုသို့ စိစစ်ရာတွင် မြန်မာစာပေပညာရှင်များတင်ပြထားသည့် အပင့်အရစ်၊ အသတ်အလတ်၊ ခွဲထား၊ သတ်ထူးအစရှိသည့် ရှုထောင့်များကို ညောင်ရမ်းခေတ်၊ ကုန်းဘောင်ခေတ်၊ ကိုလိုနီခေတ်၊ မျက်မှောက်ခေတ်ဟူ၍ ခေတ်ပိုင်းခြားလျက် လေ့လာ တင်ပြထားပါသည်။ သို့ရာတွင် အချို့သော သတ်ပုံ ကျမ်းများသည် ကျမ်းတစ်စောင်အနေဖြင့် ရှိခဲ့သော်လည်း ကျမ်းပြုသူ၊ ကျမ်းပြီးနှစ်တို့ ရေးထိုးထားခြင်း မရှိသည့်အတွက် သက္ကရာဇ်အခိုင်အမာမပါသော သတ်ပုံကျမ်းများဟူ၍ အခန်းငယ်များခွဲလျက် ပိုင်းခြား လေ့လာတင်ပြထားပါသည်။အချို့သတ်ပုံကျမ်းများသည် ကျမ်းပြီးနှစ်မပါသော်လည်း ကျမ်းပြုပုဂ္ဂိုလ် ခိုင်မာသည့်အတွက် စာဆိုတော်များ အတ္ထုပ္ပတ္တိနှင့်ညှိနှိုင်း၍ သက်ဆိုင်ရာခေတ်တွင် ထည့်သွင်းဖော်ပြထား ပါသည်။

ဤသို့ဖြင့် ခေတ်အဆက်ဆက် ပေါ်ထွန်းခဲ့သော မြန်မာစာလုံးပေါင်းသတ်ပုံကျမ်းများ စိစစ်ချက် ဟူသော ခေါင်းစဉ်ဖြင့် လေ့လာတင်ပြထားပါသည်။